# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိရေထောက်ပံ့ခြင်းစနစ်နှင့်အိမ်သာအခြေအနေတိုအားပုံမှန်စစ်ဆေးခြင်း (၂၀၁၈ခုနှစ် ဇူလိုင်လ ၄ ရက်နေ့)




သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသည်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်အတူဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိရေထောက်ပံ့ခြင်းစနစ်နှင့်အိမ်သာအခြေအနေတို့အားသွားရောက်စစ်ဆေးခဲ့ကြပါသည်။ ရေထောက်ပံ့ရေးစနစ်၏ ကလိုရင်းကန်၊ ရေထဲရှိသံဓာတ်ပါဝင်မှုနှင့်ရေပိုက်အတွင်းပိတ်ဆို့ခြင်းရှိမရှိတို့ကိုစစ်ဆေးခဲ့သည့်အပြင်မိလ္လာကန်၌တပ်ဆင်ထားသောရေဆင်းပိုက်၏အခြေအနေများကိုလည်းပြန်လည်နေရာချထားသောနေရာတွင်နေထိုင်သည့်သူများအားမေးမြန်းခဲ့ပါသည်။

## Regular checking of water supply system and toilet condition at Zone B relocation site (04th July, 2018)



On 04th July 2018, TSMC visited to Zone B relocation with JET in order to check the condition of toilets and water supply system. The chlorine tank, irons level in the water and clogging inside the pipes were checked in the water supply system. Then, the conditions of flow out pipes at the septic tanks were also asked to residents.

## သီလဝါအထူးစီးပွားရေးဇုန်အတွင်းဒေသခံများအလုပ်အကိုင်ရရှိမှုအရေအတွက်ကိုတိုးမြှင့်ရန် TSMC နှင့် JICA ကြား ပုံမှန်ဆွေးနွေးမှုပြုလုပ်ခြင်း (၂၀၁၈ခုနှစ်၊ ဇူလိုင်လ၊ ၆ရက်)




၂၀၁၈ခုနှစ်၊ဇူလိုင်လ(၆)ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသည်ဂျိုက်ကာ(မြန်မာ)ရုံးမှတာဝန်ရှိသူများနှင့်ပုံမှန်ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။အစည်းအဝေး၏ရည်ရွယ်ချက်မှာသီလဝါအထူးစီးပွားရေးဇုန်အတွင်းစီမံကိန်းကြောင့်ထိခိုက်သူများ၏အလုပ်ရရှိမှုအရေအတွက်အားမြှင့်တင်ရန်ဖြစ်သည်။ အစည်းအဝေးသို့သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင်များ၊ဂျိုက်ကာ(မြန်မာ)ရုံးမှတာဝန်ရှိသူများနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့အပါအဝင်စုစုပေါင်း(၁၄)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးတွင်တက်ရောက်လာသူများမှစီမံကိန်းကြောင့်ထိခိုက်သူများအနေဖြင့်အထူးစီးပွားရေးဇုန်အတွင်းအလုပ်လုပ်ကိုင်ရန်စိတ်မဝင်စားသည့်အကြောင်းအရာများအားဖော်ထုတ်ခဲ့ကြပြီးနည်းလမ်းအမျိုးမျိုးဖြင့်အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖန်တီးပေးနိုင်ရန်အတွက်ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ထို့နောက်ဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာ၏ဘေးကင်းလုံခြုံရေးကိစ္စ၊လူထုဖွံ့ဖြိုးရေးစင်တာတောင်းဆိုမှုကိစ္စနှင့်ဇုန်(အေ)ပြန်လည်နေရာချထားရေးနေရာအတွက်မြေပါမစ်ထုတ်ပေးခြင်းကိစ္စများကိုလည်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ TSMC နှင့် JICA ကြား ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကိုလည်း လစဉ်ပြုလုပ်သွားမည်ဖြစ်ပါသည်။

## Regular Meeting between TSMC and JICA to promote the local employment of Thilawa SEZ (06th July, 2018)



On 06th July 2018, TSMC made the regular meeting with the officers from JICA Myanmar office. The purpose of the meeting is to discuss about how to promote the number of PAPs to get the jobs inside the SEZ. Total 14 participants including officers from JICA Myanmar Office, TSMC members and JET attended the meeting. During the meeting, participants found out and explained the reasons of why PAPs are not interested to work at SEZ and consulted among them to create the job opportunities for PAPs in various ways. After that, land permits issuing for Zone A PAHs, requesting the community center by Zone B PAPs, safety and security for Zone B relocation site were also discussed together. The regular meeting between TSMC and JICA will be held in every month.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## ဇုန်(ဘီ) စီမံကိန်းကြောင့်ထိခိုက်သူများအားအသက်မွေးဝမ်းကျောင်းသင်တန်းထောက်ပံ့ပေးခြင်း (၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်နှင့် ၁၆ ရက်)



အခြေခံစက်ချုပ်သင်တန်းနှင့်ယာဉ်မောင်းသင်တန်းတို့အားအသက်မွေးဝမ်းကျောင်းပညာရပ်အနေဖြင့်သီလဝါအထူးစီးပွားရေးဇုန်စီမခန့်ခွဲမှုကော်မတီမှဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏အကူအညီဖြင့်ထောက်ပံ့ပေးခဲ့ရာ ဇုန်(ဘီ) စီမံကိန်းကြောင့်ထိခိုက်သူစုစုပေါင်း၂၅ဦးအသီးသီးတက်ရောက်ခဲ့ကြပါသည်။အခြေခံစက်ချုပ်သင်တန်းအား ၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ရက်နေ့တွင် MJTD မှ CSR လှူပ်ရှားမှုတစ်ရပ်အနေဖြင့် ပူးပေါင်းကူညီပေးခဲ့ပါသည်။ ထို့အပြင် ၂၀၁၈ခုနှစ်ဇူလိုင်လ ၁၆ရက်နေ့တွင် အခြေခံယာဉ်မောင်းသင်တန်းတက်ရောက်မည့်စီမံကိန်းကြောင့်ထိခိုက်သူများကိုမိတ္ထီလာမြို့နယ်ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့စခန်းသွင်းလေ့ကျင့်သင်ကြားရန်အတွက်ပို့ဆောင်ပေးခဲ့ပါသည်။

## Vocational Training (Tailoring and Car Driving) has been provided for Zone B PAPs (09th and 16th July, 2018)



Basic tailoring and car driving training were provided as the parts of vocational training support contributed by TSMC with the technical support of JET. Total 25 participants attended the trainings respectively. Tailoring training was supported as CSR activity by MJTD on 09th July 2018 at the relocation site instructed by the professional trainer. And also for the PAPs who want to attend the driving training were enrolled to the Central Institute of Transport and Communication in Meiktila Township on 16th July 2018.

## ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိရေထောက်ပံ့ခြင်းစနစ်နှင့်အိမ်သာအခြေအနေတို့အားပုံမှန်စစ်ဆေးခြင်း (၂၀၁၈ခုနှစ် ဇူလိုင်လ ၄ ရက်)






၂၀၁၈ခုနှစ်၊ဇူလိုင်လ(၁၅)ရက်နေ့တွင်မြိုင်သာယာ(၃)လူထုဖွံ့ဖြိုးရေးစင်တာတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏စီစဉ်မှုဖြင့်ဇုန်(အေ) ပြန်လည်နေရာချထားရေးနေရာရှိအိမ်ထောင်စု(၆၈)စုအားမြေပါမစ်ပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့ပါသည်။အဆိုပါအခမ်းအနားသို့ဇုန်(အေ)ပြန်လည်နေရာချထားရေးနေရာစီမံကိန်းကြောင့်ထိခိုက်သူ(၅၀)ဦး၊ရွှေမှော်ဝန်းအဖွဲ့၊သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင်များနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှတက်ရောက်ခဲ့ကြပါသည်။ပထမဦးစွာသီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် ရွှေမှော်ဝန်းအဖွဲ့တို့မှအသီးသီးအဖွင့်အမှာစကားပြောကြားခဲ့ကြပြီးမြေပါမစ်ပေးအပ်ခြင်းအခမ်းအနားအားစတင်ခဲ့ကြပါသည်။လက်ရှိအချိန်တွင်ဇုန်ဘီပြန်လည်နေရာချထားရေးနေရာရှိအိမ်ထောင်စု(၉၀)အတွက်မြေပါမစ်များကိုဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

## Government issues the land permits for Zone A PAHs (15th July, 2018)



Land permit giving ceremony for Zone A 68 PAHs was held at Myaing Tharyar (3) Community Center which was organized by TSMC on 15th July, 2018. 50 PAPs from Zone A relocation site, Shwe Hmaw Wun Group, TSMC members and JET participated in ceremony. First of all, TSMC and Shwe Hmaw Wun Group gave the opening remarks respectively and provision was started. Currently, the permits for Zone B 90PAHs are in process of issuing.

## တတိယအကြိမ်မြောက်လူထုဆက်ဆံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ၊ ၂၃ရက်)



တတိယအကြိမ်မြောက်လူထုဆက်ဆံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲအားဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့၏ ပံ့ပိုးစီစဉ်မှုဖြင့် ၂၀၁၈ခုနှစ်၊ ဇူလိုင်လ၊ ၂၃ရက်နေတွင် မြန်မာဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်အစည်းအဝေးခန်းမ၌ပြုလုပ်ကျင်းပခဲ့ပါသည်။ဆွေးနွေးပွဲ၏အဓိကရည်ရွယ်ချက်မှာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့်နိုင်ငံတကာမီဒီယာများနှင့်ကောင်းမွန်သောဆက်ဆံရေးရရှိရန်မည်သို့လုပ်ဆောင်သင့်ကြောင်းဆွေးနွေးရန်ဖြစ်သည်။အဆိုပါဆွေးနွေးပွဲသို့NikkeiYangonBureau မှ မစ္စတာယူအိချိနီတ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီမှအဖွဲ့ဝင်များ၊ MJTD မှအရာရှိများ၊OSSCပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ဘဏ္ဍာရေးဌာန၊ ဆောက်လုပ်ရေးဌာန၊ ပြည်တွင်းအခွန်ဌာနတို့မှအရာရှိများနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့တက်ရောက်ခဲ့ကြပါသည်။ပထမဦးစွာသီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွင့်အမှာစကားပြောကြားခဲ့ပြီးမစ္စတာယူအိချိနီတမှမိတ်ဆက်စကားပြောကြားကာဥင်း၏အတွေ့အကြုံများအားမျှဝေခဲ့ပါသည်။ထိုနောက်တက်ရောက်သူများမှလူထုဆက်ဆံရေးနှင့်ပတ်သက်၍ဥင်းတို့သိရှိလိုသည်ကိစ္စရပ်များအားဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

## ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်အားနည်းသောမိသားစုများအားဇူလိုင်လအတွက်ထောက်ပံ့ခြင်း (၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ရက်)





၂၀၁၈ခုနှစ်၊ဇူလိုင်လ(၂၆)ရက်နေတွင်မြိုင်သာယာတိုးချဲ့ရပ်ကွက်၊ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာ၌မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်အတွက်၂၀၁၈ခုနှစ်မတ်လတွင်အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍သတ်မှတ်ထားသောစံနှုန်းအရအိမ်ထောင်စု(၂၀)စုကိုထောက်ပံ့ပေးခဲ့ပါသည်။

## 3rd Public Relations Seminar (23rd July, 2018)



The 3rd Public Relations Seminar was held at MJTD meeting room on 23rd July, 2018 which was organized by the support of JICA Expert Team. The purpose of the seminar is to discuss how TSEZ can build the good relationship with the international media. The seminar was made between TSMC and Mr.Yuichi Nitta from Nikkei Yangon Bureau as a guest speaker. Total 18 participants including JICA Expert Team, members of TSMC, officers from MJTD, officers from OSSC which includes Environmental Department, IT Department, Finance Department, Construction Department and Internal Revenue Department attended the seminar. Firstly, TSMC gave the opening remarks and then Mr. Yuichi Nitta briefly introduced himself and shared his experiences. Free discussion on the topic of the seminar was opened to the participants by raising the concerned questions.

## Vulnerable People Program for July was provided at Zone B relocation site (26th July, 2018)



Vulnerable People Program (VPP) was provided on 26th July 2018 at Zone B relocation site. In accordance with the VPP criteria, 20 households were identified as vulnerable families.